ဝသာ – မီးပူနေပူ ဥတုပူမှ စ၍ အလီလီ ပူမည်ရ၍ အုန်းဆီ ဆင်းနေ လက်ခြေနှာစွန်း ပုခုံးစွန်းမှ ဆီကြည် မည်သော ကောဋ္ဌာသသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

---

အကျယ် ရယ်သောအခါ အလွန်စိတ်မချမ်းသာ၍ ငိုသော အခါ ငရုပ်သီး စသည်ကို စားသောအခါ မျက်လုံး၌ မီးခိုး မြူမှုန် စသည်တို့ ထိခိုက်မိသောအခါတို့၌ ထို အလွန်ဝမ်းမြောက်ခြင်း အလွန်စိတ်မချမ်းသာခြင်း စသော အကြောင်းကြောင့် မျက်လုံးအိမ်တွင်း၌ ပြည့်၍သော်လည်း တည်နေ၏၊ ယိုစီးသော်လည်း ယိုစီး၏။ [မျက်ရည်ကို မှန်း၍ ကမ္မဋ္ဌာန်းရှုသော ပုဂ္ဂိုလ်သည် မျက်လုံးတည်ရာ တွင်းငယ်၌ ပြည့်နေသော မျက်ရည်ကိုမှန်း၍ ရှုရသည်။]

**ဆီကြည်။** ။"မေဒေါ=အဆီခဲ"ဟုရှိခဲ့သောကြောင့် ဝသာကို "ဆီကြည်"ဟု ခေါ်ကြသည်၊ အဆင်းအားဖြင့် အုန်းဆီ အဆင်းရှိ၏၊ များသောအားဖြင့် လက်ဖဝါး ခြေဖဝါး လက်ဖမိုး ခြေဖမိုး နှာခေါင်းဘူ နဖူး ပုခုံးစွန်းတို့၌ တည်၏၊ "ဆီကြည်"ဟု ဆိုသော်လည်း အမြဲ ကြည်နေသည် မဟုတ်၊ မီးပူ နေပူ နွေပူစသည်တို့နှင့် ကြုံကြိုက်သောအခါကျမှ အကြည်ရည် ဖြစ်လာသည်၊ ထိုအခါဝယ် ထိုဆီကြည်သည် လက်ဖဝါးစသော အရပ်တို့၌ ပြန့်နှံ့နေ၏၊ မီးပူ စသည်တို့နှင့် မကြုံကြိုက်ဘဲ နဂိုရ်အတိုင်း အားဖြင့်ကား ဆောင်းအခါ အုန်းဆီခဲကလေးကဲ့သို့ ပြစ်ချွဲ ခဲနေသည်၊ နှာခေါင်းဘူကို